## ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး AML/ CFT ဆိုင်ရာ Offsite စစ်တမ်းလွှာဖြေဆိုရန် ကြေညာချက်

**နေပြည်တော်၊ ဇွန် ၂၂**

၁။ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသည် ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ကြေညာချက်များကို ၁၈-၁၂-၂၀၁၉ ရက်စွဲဖြင့် လည်းကောင်း၊ ၃၀-၉-၂၀၂၂ ရက်စွဲဖြင့်လည်းကောင်း အသီးသီးထုတ်ပြန် ထားပြီးဖြစ် ပါသည်။

၂။ ကြီးကြပ်ရေးအာဏာပိုင်၏ ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လုပ်ငန်းခွင်ပြင်ပစစ်ဆေးခြင်းဆောင်ရွက်နိုင်ရန်အတွက် AML/CFT ဆိုင်ရာ Offsite စစ်တမ်းလွှာကို အောက်ပါအတိုင်း ဖြေဆိုတင်ပြကြပါရန် အသိပေးကြေညာအပ်ပါသည်။

(က) **အထက်တန်းရှေ့နေများ**

- သက်ဆိုင်ရာနှစ်အလိုက် သက်တမ်းတိုးလျှောက်ထားရာတွင် ပြည့်စုံစွာ ဖြေဆိုထားသော AML/CFT ဆိုင်ရာ Offsite စစ်တမ်းလွှာကို မပျက်မကွက်ပူးတွဲတင်ပြရန်၊

- တရားလွှတ်တော်ရှေ့နေ လျှောက်ထားရာတွင် ပြည့်စုံစွာဖြေဆိုထားသော AML/CFT ဆိုင်ရာ Offsite စစ်တမ်းလွှာကို မပျက်မကွက်ပူးတွဲ တင်ပြရန်၊

(ခ) **တရားလွှတ်တော်ရှေ့နေများ**

တရားလွှတ်တော်ရှေ့နေများသည် သက်ဆိုင်ရာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ AML/CFTဆိုင်ရာ Offsiteစစ်တမ်းလွှာကို ပြည့်စုံမှန်ကန်စွာဖြေဆိုပြီး **နှစ်စဉ်** ဇန်နဝါရီလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ကြီးကြပ်ရေးအာဏာပိုင် (ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာန၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာတိုက်မှလည်းကောင်း၊ အမြန်ချောပို့ဖြင့်လည်းကောင်း မပျက်မကွက် ပေးပို့တင်ပြရန် နှင့် Email Address; LIDP@usc.gov.mm သို့ ကြိုတင် ပေးပို့ရန်

(ဂ) **နိုတြီပဗ္ဗလစ်များ**

နိုတြီပဗ္ဗလစ်များသည် သက်ဆိုင်ရာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ AML/CFT ဆိုင်ရာ Offsite စစ်တမ်းလွှာကို ပြည့်စုံမှန်ကန်စွာ ဖြေဆိုပြီး **နှစ်စဉ်**

ဇန်နဝါရီလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ကြီးကြပ်ရေးအာဏာပိုင် (ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာတိုက်မှလည်းကောင်း၊ အမြန်ချောပို့ဖြင့်လည်းကောင်း မပျက်မကွက်ပေးပို့တင်ပြရန် နှင့် Email Address; LIDP@usc.gov.mm သို့ ကြိုတင်ပေးပို့ရန်

(ဃ) **Law Firm များ**

Law Firm များသည် သက်ဆိုင်ရာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ AML/CFT ဆိုင်ရာ Offsite စစ်တမ်းလွှာကို အကောင်အထည်ဖော်ရေးအရာရှိက ပြည့်စုံမှန်ကန်စွာဖြေဆိုပြီး **နှစ်စဉ်**ဇန်နဝါရီလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ကြီးကြပ်ရေးအာဏာပိုင် (ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာတိုက်မှလည်းကောင်း၊ အမြန်ချောပို့ဖြင့်လည်းကောင်း မပျက်မကွက်ပေးပို့တင်ပြရန်နှင့် Email Address; LIDP@usc.gov.mm သို့ ကြိုတင်ပေးပို့ရန်

၃။ မေးမြန်းလိုသည့်အချက်အလက်များရှိပါက LIDP@usc.gov.mm သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇၃၄၃၀၄၂၄ နှင့် ၀၆၇၃၄၃၀၃၃၀ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ လိုက်နာဆောင်ရွက်မှု စစ်တမ်းလွှာ**

**၁။ အထွေထွေ**

(က) တစ်ဦးတည်းပိုင်လုပ်ငန်းဖြစ်လျှင် အမည်နှင့်လိပ်စာ --------------------------------

(ခ) Law Firm ဖြစ်လျှင် အဖွဲ့အစည်း၏ တရားဝင်အမည်နှင့် လုပ်ငန်းဆောင်ရွက်သည့်အမည် --------------------------------

(ဂ) ရုံးခန်းလိပ်စာ --------------------------------

(ဃ) Law Firm အဖွဲ့အစည်း၏ တရားဝင်တည်ရှိမှု အခြေအနေ

(၁) အစုစပ်လုပ်ငန်း --------------------------------

(၂) လီမိတက်လုပ်ငန်း --------------------------------

(၃) ကော်ပိုရေးရှင်း --------------------------------

(၄) အခြား --------------------------------

(င) အထက်ပါလိပ်စာ၏ တည်ရှိမှုပုံစံ (အပိုင်/ အငှား/ နေထိုင်/ တိုက်ခန်း/ အခြား) --------------------------------

(စ) ဤပုံစံကို ဖြည့်စွက်သူ၏ အမည်နှင့်ရာထူး ----------------------------------

(ဆ) ရုံးအီးမေးလ် ---------------------------------

(ဇ) ဤပုံစံကို ဖြည့်စွက်သည့် ရက်စွဲ ----------------------------------

(ဈ) အောက်ပါလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းရှိပါသလား။

(၁) မရွှေ့မပြောင်းနိုင်သော ပစ္စည်းရောင်းချခြင်းနှင့် ဝယ်ယူခြင်း (ရှိ/ မရှိ) -----------------

(၂) အမှုသည်၏ ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားပိုင်ဆိုင်သည့် ပစ္စည်းများအား စီမံခန့်ခွဲခြင်း (ရှိ/ မရှိ) ------------------

(၃) ဘဏ်များ၊ စုငွေများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များ စာရင်းကို စီမံခန့်ခွဲခြင်း (ရှိ/ မရှိ) -----------------

(၄) ကုမ္ပဏီများ ထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြု ဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း (ရှိ/ မရှိ) -----------------

(၅) တရားဝင်အသင်းအဖွဲ့များ သို့မဟုတ် အစီအစဉ်များ ထူထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း (ရှိ/မရှိ)----------

(၆) ယုံကြည်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူ အဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် တရားဝင်အသင်းအဖွဲ့ အစီအစဉ်တစ်မျိုးမျိုးတွင် ယင်းလုပ်ငန်းတာဝန်မျိုးနှင့် တူညီစွာ ဆောင်ရွက်ခြင်း (ရှိ/မရှိ) -----------------

(ည) မေးခွန်း (ဈ) တွင် ဆောင်ရွက်သည်ဟု ဖြေဆိုထားသော လုပ်ငန်း အမျိုးအစားအလိုက် ကာလအပိုင်းအခြားအတွင်း ဆောင်ရွက်ပေးခဲ့ သည့်အကြိမ်အရေအတွက်ကို ပုံစံအကျဉ်းဖြင့် ဖော်ပြပါ။ -------------------

(ဋ) ရုံးချုပ်ပြင်ပအခြားနေရာများတွင် လုပ်ငန်းလုပ်ဆောင်မှုရှိသလား။---------------

(ဌ) မေးခွန်း(ဋ)ကိုရှိသည်ဟုဖြေလျှင် အဆိုပါလုပ်ငန်း၏အမည်နှင့်လိပ်စာကို ဖော်ပြပါ။ ဖော်ပြရန်နေရာ မလုံလောက်ပါက မေးခွန်း(ဋ)အဖြေဟုတပ်၍ သီးခြားစာရွက်တွင် ဖြည့်စွက်ပူးတွဲပေးပါ။ --------------------

(ဍ) သင်၏ ရှေ့နေလုပ်ငန်း/ Law Firm/ ကုမ္ပဏီ/ အဖွဲ့အစည်းသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာတာဝန်ဝတ္တရားများကို လိုက်နာရန်တာဝန်ရှိသည့် **ပြည်ပအဖွဲ့အစည်းတစ်ခုခု၏ လက်အောက်ခံဖြစ်ပါက** အဆိုပါ အဖွဲ့အစည်း၏ အမည်နှင့် လိပ်စာကိုဖော်ပြပါ။ ----------------------

----------------------

(ဎ) သင်၏ ရှေ့နေလုပ်ငန်း အဖွဲ့အစည်းလက်အောက်တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများကိုလိုက်နာရသည့် လက်အောက်အဖွဲ့အစည်းများ အခြားနိုင်ငံများတွင် ရှိသလား။ ရှိလျှင် အမည် နှင့် လိပ်စာကို ဖော်ပြပါ။ ဖော်ပြရန်နေရာ မလုံလောက်ပါက သီးခြားစာရွက်လွတ် တွင် နံပါတ်စဉ် တပ်၍ ပူးတွဲဖော်ပြပါ။ -----------------------

(ဏ) သင်၏ ရှေ့နေလုပ်ငန်း/ Law Firm / ကုမ္ပဏီ / အဖွဲ့အစည်းသည် မြန်မာနိုင်ငံပြင်ပတွင် ရုံးခွဲရှိသလား။ ရှိလျှင် အမည်နှင့် လိပ်စာဖော်ပြပါ။ ဖော်ပြရန် နေရာမလောက်က သီးခြားစာရွက်ဖြင့် ရေး၍ တွဲပေးပါ။ -----------------------

(တ) သင်၏ ရှေ့နေလုပ်ငန်း/ Law Firm/ ကုမ္ပဏီ/ အဖွဲ့အစည်းတွင် အဖွဲ့ဝင်ရှေ့နေများ/ ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရှိ မည်မျှရှိသနည်း။ အမည်နှင့် ၎င်းတို့၏ ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဖော်ပြပါ။ (ရှေ့နေဖြစ်လျှင် ရှေ့နေအဆင့်အတန်းနှင့် လိုင်စင်အမှတ်၊ လိုင်စင်ရရှိသည့် ရက်စွဲဖော်ပြပါ။) -----------------------

-----------------------

-----------------------

(ထ) သင်/သင့်အဖွဲ့အစည်း၏ အဓိကအသုံးပြုသည့်ဘဏ်၏ အမည်နှင့်လိပ်စာကို ဖော်ပြပါ။

-----------------------

(ဒ) သင်/ သင့်အဖွဲ့အစည်း၏ ဒုတိယအများဆုံး အသုံးပြုသည့် ဘဏ်၏ အမည်နှင့် လိပ်စာကို ဖော်ပြပါ။ -----------------------

(ဓ) သင်/သင့်အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ပေးရသည့် လုပ်ငန်းအမျိုးအစားများကို တစ်နှစ်အတွင်း စုစုပေါင်းဆောင်ရွက်ပေးရသည့် လုပ်ငန်းအမျိုးအစား စုစုပေါင်းဖြင့် အချိုးချ၍ ရာခိုင်နှုန်းဖြင့် ဖော်ပြပေးပါ–

(၁) ရှယ်ယာများကို စီမံခန့်ခွဲပေးခြင်း။ -------------------

(၂) ဥပဒေရေးရာကိစ္စများ စီစဉ်ဆောင်ရွက်ပေးခြင်း။ -------------------

(၃) အခြား (ဆောင်ရွက်ပေးသည့် လုပ်ငန်းအမည်) -------------------

ဥပမာ– စာချုပ်စာတမ်းများ ချုပ်ဆိုပေးရခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရခြင်း။

(န) တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ပေးခဲ့သည့် လွှဲပြောင်းဆောင်ရွက်ပေးမှု (စာချုပ်စာတမ်း) အရေအတွက်ကို ဖော်ပြပါ။ -------------------

## ၂။ **အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ (**Compliance Officer)

(က) အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ -----------------------
အမည်နှင့် ရာထူး -----------------------

(ခ) ဖုန်းနံပါတ် ------------------------

(ဂ) အီးမေးလ်လိပ်စာ ------------------------

(ဃ) ဤပုံစံအား ဖြည့်စွက်/ ဖြေဆိုသူသည် အကောင်အထည်ဖော်ဆောင်ရွက်ရေး အရာရှိ တာဝန်ထမ်းဆောင်သူ မဟုတ်ပါက

(၁) အမည်နှင့် ရာထူး ------------------------

------------------------

(၂) ဖုန်းနံပါတ် ------------------------

(၃) အီးမေးလ်လိပ်စာ ------------------------

**၃။ စီမံအုပ်ချုပ်မှု**

(က) Law Firm/ ကုမ္ပဏီ/ အဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုအဆင့်ဆင့်ကို ဖော်ပြပါ (ဖွဲ့စည်းပုံဇယားကို နောက်ဆက်တွဲဖြင့် ဖော်ပြရန်) (ရှိလျှင်) အခြားသက်ဆိုင်သည့် အချက်အလက်များ ရှိပါက နောက်ဆက်တွဲဖြင့် ဖော်ပြရန်။---------------

(ခ) Law Firm / ကုမ္ပဏီ/ အဖွဲ့အစည်း၏ မူရင်းပိုင်ရှင်အမည် --------------

(ဂ) ပိုင်ရှင်သည်-

(၁) မြန်မာနိုင်ငံသားဖြစ်သည်။ -----------------

(၂) မြန်မာနိုင်ငံသား မဟုတ်ပါ။ -----------------

(ဃ) Law Firm / ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းစတင်လည်ပတ်သည့် ရက်စွဲ -----------------

(င) Law Firm / ကုမ္ပဏီ၏ လုပ်ငန်းနယ်ပယ်ပမာဏ (သက်ဆိုင်သမျှ အားလုံးကို အမှန်ခြစ်ပါ) (အမှုသည်/ ဆောင်ရွက်ပေးရသည့် လုပ်ငန်းများသည်
ရုံးစိုက်ရာ တိုင်း/ ပြည်နယ်အတွင်းဖြစ်ပါက **ပြည်နယ်အဆင့်**)
ရုံးစိုက်ရာ တိုင်း/ ပြည်နယ်ကျော်ပါက **နိုင်ငံအဆင့်**)
မြန်မာနိုင်ငံပြင်ပမှဖြစ်ပါက **နိုင်ငံတကာအဆင့်**)

(၁) ပြည်နယ်အဆင့် -----------------

(၂) နိုင်ငံအဆင့် -----------------

(၃) နိုင်ငံတကာအဆင့် -----------------

(စ) နိုင်ငံခြားအဖွဲ့အစည်း၏ လက်အောက်ခံ ဟုတ်/ မဟုတ်

(၁) ဟုတ်ပါသည်။ ----------------

(၂) မဟုတ်ပါ။ -----------------

(ဆ) အိမ်ခြံမြေကို မှတ်ပုံတင်ရာတွင် အင်တာနက်အသုံးပြုဆောင်ရွက်ပါသလား။

(၁) ဟုတ်ပါသည်။ ------------------

(၂) မဟုတ်ပါ။ ------------------

## ၄။ ဖွဲ့စည်းမှုနှင့် အရွယ်အစား

(က) ဝန်ထမ်းအရေအတွက် ------------------

(ခ) အခြားအဖွဲ့အစည်း(မြန်မာနိုင်ငံ)၏ လက်အောက်ခံ ဟုတ်/ မဟုတ်

(၁) ဟုတ်ပါသည်။ (တည်နေရာဖော်ပြရန်) -----------------

(၂) မဟုတ်ပါ။ -----------------

(ဂ) ရုံးခွဲ/ လက်အောက်ခံ ဌာနခွဲများ ရှိပါသလား။

(၁) မြန်မာနိုင်ငံတွင် (တည်နေရာ) ------------------

(၂) နိုင်ငံခြားတွင် (တည်နေရာ) ------------------

(ဃ) တစ်နှစ်စာအတွက် ဝင်ငွေ/ ရှေ့နေခ (အကျိုးဆောင်ခ)

(၁) ကျပ်သိန်း ၁၀၀၀ နှင့်အထက် --------------------

(၂) ကျပ်သိန်း ၁၀၀ မှ ၁၀၀၀ အထိ --------------------

(၃) ကျပ်သိန်း ၁၀၀ အောက် (ခန့်မှန်းခြေ ဖော်ပြရန်) --------------------

(င) တစ်နှစ်စာအတွက် (ဈ)ပါ လုပ်ငန်းများ ဆောင်ရွက်မှုအကြိမ်ရေ

(၁) အကြိမ် ၁၀၀၀ နှင့်အထက် ---------------------

(၂) အကြိမ် ၁၀၀ မှ ၁၀၀၀ အထိ ---------------------

(၃) အကြိမ် ၁၀၀ အောက် (အကြိမ်ရေ ဖော်ပြရန်) --------------------

## ၅။ မေးခွန်း(ဈ)ပါလုပ်ငန်းများအတွက် ဆက်သွယ်ဆောင်ရွက်သူအမျိုးအစား (Clients)

(က) တစ်နှစ်လျှင် ဆက်သွယ်ဆောင်ရွက်သူမည်မျှရှိသနည်း --------------------

(၁) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေး
ထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မား

သည့်နိုင်ငံများတွင် နေထိုင်သူများပါဝင်သလား --------------
(ခန့်မှန်းအရေအတွက်ဖော်ပြရန်)

(၂) ပြည်ပတွင် နေထိုင်သူ မြန်မာနိုင်ငံသားများ ပါဝင်သလား --------------
(ခန့်မှန်းအရေအတွက်ဖော်ပြရန်)

(၃) နိုင်ငံခြားသားများပါဝင်သလား ---------------
(ခန့်မှန်းအရေအတွက်ဖော်ပြရန်)

(၄) မြန်မာနိုင်ငံသား (ခန့်မှန်းအရေအတွက်ဖော်ပြရန်) ----------------

(၅) ပြည်တွင်းပြည်ပ ဩဇာတိက္ကမ ရှိသူများ ----------------
(ခန့်မှန်းအရေအတွက်ဖော်ပြရန်)

(၆) အခြားပုဂ္ဂိုလ်/အဖွဲ့အစည်းကိုယ်စားဆောင်ရွက်သူ ----------------
(ခန့်မှန်းအရေအတွက်ဖော်ပြရန်)

(၇) ကုမ္ပဏီ/ အဖွဲ့အစည်း
(ခန့်မှန်းအရေအတွက်ဖော်ပြရန်) ----------------

(၈) တတိယပုဂ္ဂိုလ်ကိုယ်စားဆောင်ရွက်သူ ----------------
(ခန့်မှန်းအရေအတွက်ဖော်ပြရန်)

## ၆။ လွှဲပြောင်းမှု/ ဝန်ဆောင်မှုများ

(က) မေးခွန်း(စျ)ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင်
ငွေပေးချေမှု/ ငွေအပ်နှံမှုကို လက်ခံပါသလား။ ----------------------

(ခ) လက်ခံလျှင် မည်သည့်နည်းလမ်းဖြင့် ပေးချေမှုကို လက်ခံပါသလဲ-

(၁) ငွေသားဖြင့် (ပမာဏ) ----------------------

(၂) ကြေးနန်းငွေလွှဲနည်းဖြင့် (ပမာဏ) ----------------------

(၃) ချက်လက်မှတ်ဖြင့် (ပမာဏ) ----------------------

(၄) (online)အမည်နှင့်
ချိတ်ဆက်အသုံးပြုသည့် ဘဏ်အမည် ----------------------

(ဂ) သတင်းပို့ရန် သတ်မှတ်ထားသည့် ပမာဏထက် ကျော်လွန်သည့် လွန်ခဲ့သည့် (၁၂)လအတွင်းက ရောင်း၀ယ်မှုအတွက် ငွေကြေးလွှဲပြောင်းမှုအကြိမ်ရေ --------------------

(ဃ) နေရာထိုင်ခင်းအတွက် ရောင်း/၀ယ်ခြင်း

(၁) ဟုတ် --------------------

(၂) မဟုတ် --------------------

(င) စီးပွားရေးလုပ်ငန်းအတွက် ရောင်း/၀ယ်ခြင်း

(၁) ဟုတ် --------------------

(၂) မဟုတ် --------------------

(စ) ရောင်း/၀ယ်မှုအတွက် အမြင့်ဆုံးတန်ဖိုး

(၁) ကျပ်သန်း ၁၀၀၀ နှင့်အထက် --------------------

(၂) ကျပ်သန်း ၁၀၀ မှ ၁၀၀၀ အထိ --------------------

(၃) ကျပ်သန်း ၁၀၀ အောက် (ပမာဏဖော်ပြရန်) --------------------

(ဆ) အပိုဒ်-၄ (ဃ)(င) အရ ၀င်ငွေ/ ရှေ့နေခ (အကျိုးဆောင်ခ) ကို လက်ခံလျှင် မည်သည့်နည်းလမ်းဖြင့် ပေးချေမှုကို လက်ခံပါသလဲ။

(၁) ငွေသားဖြင့် (ပမာဏ) ------------------

(၂) ကြေးနန်းငွေလွှဲနည်းဖြင့် (ပမာဏ) ------------------

(၃) ချက်လက်မှတ်ဖြင့် (ပမာဏ) ------------------

(၄) (online)အမည်နှင့် ------------------
ချိတ်ဆက်အသုံးပြုသည့် ဘဏ်အမည် ------------------

**၇။ ရောင်း၀ယ်မှုနည်းလမ်း**

(က) တွေ့ဆုံဖူးခြင်း မရှိသည့် ဖောက်သည်အတွက် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်း မရှိဘဲ (မျက်ကွယ်)၌ ရောင်း၀ယ်မှုများ ပြုလုပ်ပေးပါသလား။ တစ်နှစ်လျှင် အကြိမ်ရေ မည်မျှနည်း။ --------------------

## ၈။ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ

(က) အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိခန့်အပ်ထားသလား။ ------------

(ခ) အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိသည် စီမံအုပ်ချုပ်မှုကဏ္ဍတွင် ပါဝင်သူဖြစ်သလား။ ---------------

## ၉။ ဆိုးရွားနိုင်ခြေအန္တရာယ်လျှော့ချရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များ

(က) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်း၊ သတင်းပေးပို့ခြင်းစသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ သမ္မတရုံးအမိန့်တို့အပေါ် အကောင်အထည်ဖော်မည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ထားမှု ရှိသလား။

(၁) လိုက်နာဆောင်ရွက်မှု မရှိပါ။ -----------------

(၂) တစ်စိတ်တစ်ပိုင်းလိုက်နာဆောင်ရွက်ပါသည်။ ----------------

(၃) လိုက်နာဆောင်ရွက်ပါသည်။ -----------------

(ခ) လိုက်နာဆောင်ရွက်သည်ဆိုပါကရေးသားထုတ်ပြန်ထားသည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ ရှိသလား-

(၁) ရှိသည်။ (ခုနှစ်ဖော်ပြရန်) -----------------

(၂) မရှိပါ။ -----------------

## ၁၀။ ဆိုးရွားနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှု

(က) မိမိလုပ်ငန်းနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆိုးရွားနိုင်ခြေ အန္တရာယ်အား ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်းများ ဆောင်ရွက်ထားသလား။ ----------------

(ခ) ဆိုးရွားနိုင်ခြေအန္တရာယ်များကို လျှော့ပါးသက်သာစေမည့် မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ထားသလား။

(၁) မချမှတ်ပါ။ ----------------

(၂) တစ်စိတ်တစ်ပိုင်း ချမှတ်သည်။ ----------------

(၃) ချမှတ်သည်။ ----------------

(ဂ) ဆုံးရှုံးနိုင်ခြေအန္တရာယ်များအပေါ် မည်မျှစောင့်ကြည့်မှုပြုသနည်း။

(၁) လစဉ် ------------------

(၂) လေးလတစ်ကြိမ် ------------------

(၃) ၂/၃ လတစ်ကြိမ် ------------------

(ဃ) လူအများအပြား သေကျေစေသော လက်နက်များ ပြန့်ပွားစေရန် ငွေကြေး ထောက်ပံ့သူများဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ Sanctions Committee ၏ Sanctions List ကို သိရှိပါသလား။ ------------------

**၁၁။ ဌာနတွင်း ထိန်းသိမ်းကြီးကြပ်မှု၊ ဌာနတွင်း AML/ CFT စစ်ဆေးမှု**

(က) ဌာန၏ AML/ CFT မူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ် ဌာနတွင်း စစ်ဆေးမှုများ ပြုလုပ်ပါသလား။ ------------------

(ခ) ပြုလုပ်လျှင် မည်သူက ပြုလုပ်သနည်း။

(၁) ကိုယ်တိုင် ------------------

(၂) ဌာနတွင်း စာရင်းစစ်ဌာန ------------------

(၃) ပြင်ပစာရင်းစစ် ------------------

(ဂ) အကြိမ်ရေ မည်မျှပြုလုပ်သနည်း။

(၁) နှစ်စဉ် ------------------

(၂) နှစ်နှစ်နှင့် အောက် ------------------

(၃) နှစ်နှစ်အထက် ------------------

**၁၂။ ဝန်ထမ်းများအား လေ့ကျင့်ပေးမှုနှင့် စောင့်ကြည့်မှု**

(က) AML/ CFT နှင့်စပ်လျဉ်း၍ ဝန်ထမ်းများအား လေ့ကျင့်ပေးမှုရှိသလား။ ---------

(ခ) အကြိမ်မည်မျှ လေ့ကျင့်ပေးသနည်း။

(၁) တစ်နှစ်တစ်ကြိမ်နှင့် အထက် ------------------

(၂) ဝန်ထမ်းသစ်ခန့်အပ်တိုင်း ------------------

(၃) တစ်နှစ်တစ်ကြိမ်အောက် ------------------

(ဂ) မည်သူများအား လေ့ကျင့်ပေးသနည်း။

(၁) စီမံအုပ်ချုပ်သူများအပါအဝင် ဝန်ထမ်းအားလုံး ------------------

(၂) ဖောက်သည်နှင့် ထိတွေ့ရသူများသာ ------------------

(၃) ပိုင်ရှင်နှင့် စီမံအုပ်ချုပ်သူများသာ ------------------

(ဃ) ဝန်ထမ်းများသည် ဆိုင်ရာ ကိစ္စရပ်များတွင် သင့်လျော်သည့် အရည်အချင်းရှိသူများ ဟုတ်/ မဟုတ် စိစစ်မှု ပြုသလား။ ----------------

## ၁၃။ ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်းဖော်ထုတ်ခြင်းနှင့် အလေးထား စောင့်ကြည့်ခြင်း

(က) အမေရိကန်ဒေါ်လာ တစ်သောင်း သို့မဟုတ် ၎င်းနှင့်ညီမျှသည့် နိုင်ငံခြားသုံးငွေနှင့်အထက် ငွေသားလွှဲပြောင်းဆောင်ရွက်မှုများကို ဆောင်ရွက်သည့် ဆက်သွယ်ဆောင်ရွက်သူများကို ဖော်ထုတ်ခြင်း တိုက်ဆိုင်စိစစ်အတည်ပြုခြင်းများ ပြုလုပ်သလား။ -----------------

(ခ) လွှဲပြောင်းဆောင်ရွက်မှုတစ်ခုပြုလုပ်တိုင်း ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်များကို နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်သလား။ ------------------

## ၁၄။ နည်းပညာအသစ်များ

(က) နည်းပညာအသစ်များနှင့်ဆက်နွယ်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိမှုကို အကဲဖြတ်ခြင်းနှင့် လျော့ပါးသက်သာစေသည့် မဟာဗျူဟာများ ရေးဆွဲကျင့်သုံးခြင်း ဆောင်ရွက်မှုပြုလုပ်သလား။ -----------------

## ၁၅။ အလေးထားစိစစ်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်း

(က) ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်မြင့်မားသည့် အခြေအနေ သို့မဟုတ် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်မှု ပြုပါသလား။ --------------

(ခ) ဩဇာတိက္ကမ ရှိသူများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်မှုပြုပါသလား။ --------------

(ဂ) ဆိုးရွားနိုင်ခြေအန္တရာယ် အဆင့်မြင့်မားသည့် နိုင်ငံများမှ ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်မှုကို တိုးမြှင့်လုပ်ဆောင်ပါသလား၊ ---------------

**၁၆။ မှတ်တမ်းထိန်းသိမ်းခြင်း**

(က) လွှဲပြောင်းဆောင်ရွက်မှုများ၊ စီးပွားဆက်ဆံမှုများနှင့် သံသယဖြစ်ဖွယ်သတင်းပို့ချက်များနှင့်စပ်လျဉ်း၍ မှတ်တမ်းထိန်းသိမ်းမှုများ ပြုပါသလား။ ---------------

**၁၇။ သတင်းပို့ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း**

(က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သံသယဖြစ်ဖွယ် သတင်းပို့ချက်မည်မျှ ပို့ထားသနည်း။ ------------------

(ခ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ငွေသားလွှဲပြောင်းမှု သတင်းပို့ချက်မည်မျှ ပို့ထားသနည်း။ --------------------------

(ဂ) ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ဘူးပါသလား။ ------------------

**၁၈။ လိုက်နာဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်**

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တာဝန်များကို လိုက်နာဆောင်ရွက်မှု (ရှိ/ မရှိ)

- (၁) လိုက်နာဆောင်ရွက်ပါသည်။ -----------------
- (၂) တစ်စိတ်တစ်ပိုင်းလိုက်နာဆောင်ရွက်ပါသည်။ -------------------
- (၃) လိုက်နာဆောင်ရွက်မှု မရှိပါ။ -----------------

(စစ်တမ်းလွှာဖြည့်သွင်းသူ၏ အမည်နှင့် လက်မှတ်၊ ရှေ့နေအဆင့်အတန်း၊ လိုင်စင်အမှတ်၊ ဆက်သွယ်ရမည့်လိပ်စာတို့ဖြင့် ပြန်လည်ပေးပို့ရန်)